

# အကောင်းဆုံး console game 10

အကောင်းဆုံး console game တွေကို ရှာဖွေနေပါသလား။ အောက်မှာ ဖော်ပြပေးမှာကတော့ Microsoft ရဲ့ Xbox 360 ၊ Nintendo ရဲ့ Wii နဲ့ Sony ရဲ့ PlayStation 3 game စက်တွေအတွက် ညွှန်းချင်တဲ့ ထိပ်တန်း game ၁၀ မျိုးပါပဲ။ »

## Assassin's Creed: Brotherhood

**ဆော့ကစားနိုင်တဲ့ စက်များ :PS3, Xbox 360**

Brotherhood (ဒေါ်လာ ၄၀) က Creed series ထဲက တတိယမြောက် game ဖြစ်ပါတယ်။ ဒါက Templars နဲ့ Assassins တွေကြား ဖြစ်ပွားနေတဲ့တိုက်ပွဲပါပဲ။ ဒီဇာတ်လမ်းသွား game ကို အောင်မြင်ဖို့က ဖန်တီးနိုင်စွမ်းနဲ့ action-game skill ရှိဖို့ လိုပါတယ်။ ဆန်းသစ်ထားတဲ့ online mode မှာတော့ player တစ်ယောက်ဆီက မတူညီတဲ့ ပြိုင်ဘက်တစ်ယောက် ရရှိမှာဖြစ်တာကြောင့် ပြိုင်ပွဲတိုင်းမှာ action နဲ့ နည်းဗျူဟာပိုင်း သမမျှတနေပါတယ်။

## Battlefield: Bad Company 2

**ဆော့ကစားနိုင်တဲ့ စက်များ :PS3, Xbox 360**

Bad Company 2 (ဒေါ်လာ ၄၀) မှာ first-person shooter တိုက်ခိုက်ရေး game အများစုထက် များပြားတဲ့အရာတွေ ရှိပါတယ်။ စစ်ပွဲဖြစ်နေတဲ့ နေရာတွေကို ပြသပေးနိုင်တဲ့ multiplayer map တွေလည်း ပါရှိပါတယ်။ ဇာတ်လမ်းသွားအရ ရုရှားက အိမ်နီးချင်းနိုင်ငံတွေကို ကျူးကျော်တာကို ဆော့ရမှာပါ။ ဒီလို ရသတွေကို Battfield series ကပဲ ပေးစွမ်းနိုင်မှာပါ။


BioShock 2

## Bio Shock 2

**ဆော့ကစားနိုင်တဲ့ စက်များ :PS3, Xbox 360**

ကောင်းမွန်လှတဲ့ အမြင်ပိုင်းဆိုင်ရာတွေကို အံ့ဩဖွယ် ဇာတ် လမ်းနဲ့ ပေါင်းစပ်ထားတဲ့ BioShock 2 ဒေါ်လာ ၂၀ က first-person shooter game ဖြစ်ပြီး bio-punk alternative ကြော ဝဋ္ဌာတစ်ခုမှာ ဇာတ်လမ်းတည်ထားပါတယ်။ အချိန်ကတော့ ၁၉၆၈ ခုနှစ်ဖြစ်ပြီး နေရာကတော့ ဒုတိယ အမေရိကန် ပြည်တွင်းစစ်ကြောင့် ပျက်စီးနေတဲ့ ရေအောက်မြို့တော် Rapture မှာပါ။ Atmospheric diving suit နဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပေါင်းစည်းသွားတဲ့ Big Daddy ခေါ် သတ္တဝါကြီးပါဝင်ပြီး ဘာတွေဆက်ဖြစ်မလဲ၊ ဘာလုပ်ရမလဲဆိုတာ ဆော့ကစားရင်း သိလာမှာပါ။

## Dance Central

**ဆော့ကစားနိုင်တဲ့ စက်များ : Xbox 360**

Kinect အတွက် ထုတ်ခဲ့တဲ့ game တစ်ခုဖြစ်တဲ့ Dance Central (ဒေါ်လာ ၅၀) က Microsoft ရဲ့ အာရုံခံနိုင်စွမ်းကောင်းတဲ့ motion sensor ကိုသုံးပြီး ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတိုင်းကို ထောက်လှမ်းပါတယ်။ ကိုယ်က စုစုပေါင်း ကကွက် ၆၀၀ ကို ပြိုင်ဆိုင်အနိုင်ရနိုင်ပါတယ်။ အက game က စိတ်လှုပ်ရှားစရာ မရှိဘူးဆိုပေမယ့် ဒါက မဖော်ပြနိုင်အောင် ပျော်ရွှင်နိုင်စေပါတယ်။ ကိုယ်က စည်းချက်အတိုင်း လိုက်ကနိုင်သလို ကျန်းမာရေး လေ့ကျင့်ခန်းအဖြစ်လည်း သဘောထားနိုင်ပါတယ်။

## Call of Duty: Modern Warfare 2

**ဆော့ကစားနိုင်တဲ့စက်များ :PS3, Xbox360**

လက်ဖျားခါစရာ ဇာတ်လမ်းသွားနဲ့ လျှင်မြန်တဲ့ action တွေက ပထမဆုံး Modern Warfare ရဲ့ အသက်ပါပဲ။ အခု Modern Warfare 2 ဒေါ်လာ ၄၀ ကလည်း စွဲမက်ဖွယ် ဇာတ်လမ်း၊ ကောင်းမွန်တဲ့ multiplayer setup နဲ့ အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်တွေနဲ့ မခေဘူးဆိုတာ ပြသခဲ့ပါတယ်။ ပထမအခေါက်ပြီးလို့ solo mission တွေကို ဘယ်တော့မှ မကစားဘူး ဆိုရင်တောင်မှ မွမ်းမံထားတဲ့ online mode က နက်နဲပြီး upgrade လုပ်နိုင်တဲ့ class တွေပါလို့ ဒီ game ကို ဆော့ရတာ ငြီးသွားတယ်ဆိုတာ ရှိမှာမဟုတ်ပါဘူး။

## Dead Space 2

**ဆော့ကစားနိုင်တဲ့ စက်များ : PS3, Xbox360**

**Will (Dead Space: Redemption)**

ကြောက်စရာတွေကို ပြင်းထန်တဲ့ first-person shooting action တွေနဲ့ ရောရောက်နေပြီး အသက်ရှင်ရပ်တည်ဖို့ ကြိုးစားနေတဲ့ Isaac Clarke နဲ့ ဇာတ်လမ်းဆင်ထားပါတယ်။ ကံကောင်းစွာနဲ့ သူက ပြိုလ်


Dead Space 2


Halo: Reach



L.A. Noire



MLB 11: The Show

သွားကို တိုက်ခိုက်နိုင်တဲ့ tool တွေနဲ့ အဆင့်မြှင့်ထားတဲ့ mining suit တွေကို ရယူအသုံးချနိုင်ပါတယ်။ ဒါတောင်မှ ရန်သူတွေက သူ့ကို သဲသဲမဲမဲ တိုက်ခိုက်ကြမှာပါ။

## Gears of War 2

**ဆော့ကစားနိုင်တဲ့ စက်များ : Xbox 360**

Gear of War 2 (ဒေါ်လာ ၃၀)ကအကောင်းဆုံး third-person shooter game ဖြစ်ပြီး ကစားသူက ကမ္ဘာ့ဗဟိုမှာ သောင်းကျန်းနေတဲ့ Locust Horde ကို ရင်ဆိုင်ဖို့ မြေပြင်ကို ထိုးဖောက်ဝင်ရောက်ရမှာပါ။ ဒီ game က ကလေးတွေအတွက် မဟုတ်တာ အသေအချာပါပဲ။ သွေးတိုက်ပွဲတွေ၊ သွေးတွေနဲ့ ပေါက်ကွဲမှုတွေက ဆက်တိုက်ပါနေပေမယ့် ပျော်စရာကောင်းပြီး အမာခံ ဇာတ်ကောင်တချို့လည်း ပါဝင်ပါတယ်။



## God of War III

**ဆော့ကစားနိုင်တဲ့ စက်များ : PS3**

ဒီ တိုက်ခိုက်စူးစမ်းရှာဖွေရေး game မှာ super သက်ရှိ Kratos က Mount Olympus က ရန်သူတွေကို လက်စားချေဖို့ နောက်ဆုံးကြိုးစားမှုတွေ ဆောင်ရွက်နေတာနဲ့ ဇာတ်လမ်းဆင်ထားပါတယ်။ HD graphic တွေနဲ့ အားဖြည့်ထားပြီး ကြီးမားတဲ့ ဇာတ်ကောင် model တွေ တိုက်ပွဲတွေ ပါဝင်တဲ့ God of War III (ဒေါ်လာ ၃၀) က အံ့သြစရာ game တစ်ခုပါပဲ။ ထူးခြားတဲ့ ဇာတ်ကောင်စရိုက်တွေ ပါဝင်နေသလို၊ သွေးသံရဲရဲတိုက်ကွက်တွေ၊ စွမ်းအားပြင်းလက်နက်တွေ၊ အသေးစိတ်တဲ့ ပတ်ဝန်းကျင် အနေအထားနဲ့ ပျော်ရွှင်စရာ adult minigame တစ်ခုလည်း ပါဝင်ပါတယ်။

## Halo: Reach

**ဆော့ကစားနိုင်တဲ့စက်များ : Xbox 360**

Halo : Reach ဒေါ်လာ ၄၀ က သိပ္ပံစိတ်ကူးယဉ် ဇာတ်လမ်း Halo saga ပေါ်အခြေပြုထားတဲ့ ခံယဉ်းကြာရှည်စွာ ဆော့ကစားနိုင်တဲ့ game ပါပဲ။ Game မှာ SPARTANs တွေအတွက် ထူးခြားတဲ့ element တွေနဲ့ မိတ်ဆက်ပေးထားပါတယ်။ အဲဒီအထဲမှာ သံချပ်ကာဝတ်စုံနဲ့ power မြှင့်နိုင်တဲ့ ကိရိယာတွေ ပါဝင်ပါတယ်။ သေသေချာချာမွမ်းမံထားတဲ့ multiplayer စနစ်က firefight တို့လို စိတ်ဝင်စားစရာ mode တွေကိုထည့်သွင်းပေးထားပါတယ်။

## Heavy Rain

**ဆော့ကစားနိုင်တဲ့စက်များ : PS3**

ကောင်းမွန်တဲ့ ဇာတ်ကောင်တွေ၊ စကားပြောတွေနဲ့ တချို့ အဆင့်တွေမှာ ကစားသူကိုယ်တိုင် အရေးပါတဲ့ ဆုံးဖြတ်ချက်တွေချ ဖို့လိုအပ်တဲ့ တီထွင်ဆန်းသစ်ထားတဲ့ Heavy Rain (ဒေါ်လာ ၃၀) က interactive ရုပ်ရှင်တစ်ခုနဲ့ အတွေ့အကြုံချင်း အနီးစပ်ဆုံး တူပါလိမ့်မယ်။ ကိုယ်က ရန်သူတွေဆီက ထွက်ပြေးနေတာပဲဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်ကို မေးမြန်းနေတာပဲဖြစ်ဖြစ် Heavy Rain ရဲ့ ဇာတ်လမ်းမှာ အချိုးအကွေ့တွေ အဆက်မပြတ် တွေ့နေရမှာပါ။ ■